မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# ဖေါက်ပြန်သော ဥပဒေများကို ဖျက်သိမ်းပြီး ဖိနှိပ်သောတရားစီရင်ရေး စနစ်တရပ်လုံးကို ပြုပြင်ပြောင်းလဲနိုင်ရေး အတွက် လူထုလှုပ်ရှားမှုများ ဖေါ်ဆောင်ကြရန် ပန်ကြားချက်

၁။ နအဖသည် တည်ဆဲဥပဒေများအနက်ဖေါက်ပြန်သည့်ဥပဒေများကို အဓိကကိုးကားပြီး တရားစီရင်ရေးယန္တယား ကို ဖိနှိပ်ရေး ကိရိယာအဖြစ် သုံးစွဲကာ ပြင်းပြင်းထန်ထန် ထောင်သွင်းအကျဉ်းချမှုများ ပြုခဲ့သည့်အနက် ယခု တကြိမ်မှာ မြန်မာနိုင်ငံတရားစီရင်ရေးသမိုင်းတွင် အဆိုးဝါးဆုံးဖြစ်သည်။ လူထုများ၏ ငြိမ်းချမ်းသောလှုပ်ရှားမှု များ လုံးဝချုပ်ငြိမ်းသွားအောင် ဦးတည်လုပ်ဆောင်နေခြင်းဖြစ်သည်။ ယင်းအတွက် အကြမ်းဘက်တုန့်ပြန်မှုများ ပေါ်ပေါက်လာပြီး လူ့အဖွဲ့အစည်းထိမ်းမနိုင် သိမ်းမရသည်အထိ မတည်မငြိမ်ဖြစ်လာလျှင် နအဖတွင် သာ တာဝန်ရှိမည်။

၂။ တရားရုံး၏ မတရားချမှတ်သောစီရင်ချက်များကိုနားထောင်ပြီးနောက်တွင် **ခြောက်ဆယ့်ငါးနှစ်ထဲလားကွာ** ဟူ၍ ကြုံးဝါးလိုက်ခြင်းသည် မတရားသော တရားစီရင်မှုကို အရှုံးမပေးဟူ၍ ပေါ်ပေါ်ထင်ထင်အံတုလိုက်ခြင်းဖြစ်သည်။ မတရားသော တရားစီရင်စစ်ဆေးမှုများကို သတ္တိပြောင်မြောက်စွာ တိုက်ပွဲဝင်လျှက်ရှိသော ကျောင်းသားခေါင်း ဆောင်များ၊ ဒီမိုကရေစီရေးလှုပ်ရှားတက်ကြွသူများ၊ ရှေ့နေကြီးများအားလုံးကို မြန်မာနိုင်ငံရှေ့နေများကောင်စီ အနေဖြင့် အလေးအနက်ဂုဏ်ပြု မှတ်တမ်းတင်သည်။ **(ပြည်တွင်းမှ ပေးပို့ရရှိသော တရားခွင်မှတ်တမ်းတခုကို ပူးတွဲ ဖြန့်ဝေပါသည်။)**

၃။ နိုင်ငံတကာ ဥပဒေ အခြေခံများကို ချိုးဖေါက်၍ လူထု၏ အခြေခံ လွတ်လပ်မှုများကို ပြင်းထန်စွာ ဆုံးရှုံးအောင် လုပ်ခြင်း၊ ထောင်သွင်း အကျဉ်းချခြင်းများသည် နိုင်ငံတကာအဆင့်မှ အရေးယူ ဆောင်ရွက်နိုင်သော ရာဇဝတ်မှု ဖြစ်သည်။ မြန်မာနိုင်ငံတွင် နအဖက တရားစီရင်ရေးယန္တယားကို ဖိနှိပ်ရေးကိရိယာအဖြစ်သုံးစွဲပြီး ပြင်းပြင်းထန်ထန် ထောင်သွင်း အကျဉ်းချနေခြင်းအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အပါအဝင် နိုင်ငံတကာမှ ထိထိရောက်ရောက် အရေးယူဆောင်ရွက်လာသည် အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် သင့်သည့် အချိန်ရောက်ပြီဖြစ်သည်။

၄။ မျှတသော တရားစီရင်စစ်ဆေးမှု ဆိုင်ရာအခွင့်အရေးများ ရရှိရေးအခြေခံမှနေ၍ ဖိနှိပ်သည့် တရားစီရင်ရေး စနစ်ကြီး တရပ်လုံး ကို ပြုပြင် ပြောင်းလဲနိုင်ရေး အတွက် အဖိနှိပ်ခံ လူထုကိုယ်တိုင်က တရားခွင်တွင် စိမ်ခေါ် တိုက်ပွဲဝင်မှုကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် ထင်ထင်ရှားရှား စတင်လိုက်ခြင်းဖြစ်သည်။ ဤ တိုက်ပွဲဝင်မှုကို အနည်းဆုံးအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် အားပေးထောက်ခံရန်၊ ဖြစ်နိုင်လျှင် စနစ်တကျနှင့် အားကောင်းကောင်း ပူးပေါင်း ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့် တိုင်းများအားလုံးရှိ ဖိနှိပ်သော တရားခွင် မှန်သမျှ တွင် ပျံ့နှံ့သွားစေရေး အတွက် လူထုလှုပ်ရှားမှု အသွင်အဖြစ် နည်းလမ်းများရှာဖွေ ဆောင်ရွက်ကြပါရန် ပန်ကြားအပ် ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

နေ့စွဲ။ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ (၂၁)ရက်